# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 14, 2024 Volume 84, Number 9


၁၃.၁၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၄.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၉.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၁၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၈၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၈၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၁၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၀၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ခတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် နိုဝင်ဘာလအတွင်း လျှောက်ထားရမည်




ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေဆိုင်အားလုံး ခတ်သတ္တု (ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ကို ယခုလအတွင်းလျှောက်ထားရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းက သိရသည်။

လူပုဂ္ဂိုလ်အနေဖြင့်လျှောက်ထားပါက လုပ်ငန်းလိုင်စင်လျှောက်ထားသူ၏ လိုင်စင် ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ကိုယ်ရေးအချက်အလက် တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ကုမ္ပဏီအမည်ဖြင့်လျှောက်ထားပါက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ကုမ္ပဏီ၏ အချက်အလက်များ (Company Extract )၊ လက်မှတ်ရေးထိုးမှုပါဝင်သည့် ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များစာရင်းနှင့်၎င်းတို့၏နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊သက်ဆိုင်ရာလျှောက်လွှာပုံစံပါ လုပ်ငန်းပမာဏ၏ ၂၅ ရာခိုင်နှုန်းကို လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံငွေရှိရန်နှင့် ယင်းငွေရှိကြောင်း ဘဏ်စာရင်းရှင်းတမ်း (Bank Statememt)၊တစ်လအတွင်း အများဆုံးရွှေရောင်းဝယ်မှုပြုလုပ်နိုင်သည့် ပမာဏ(ပိဿာ၊ကျပ်သား သို့မဟုတ် ဂရမ်၊ထရိုင်အောင်စ)ဖြင့် ဖော်ပြပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊သက်ဆိုင်ရာရွှေလုပ်ငန်းရှင်များအသင်း၏အသင်းဝင်မှန်ကန်ကြောင်း ထောက်ခံချက် ၊ လျှောက်လွှာတွင် ဖြည့်သွင်းသည့် လက်ရှိနေရပ်လိပ်စာတွင် အမှန်တကယ်နေထိုင်လျက်ရှိကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်များကိုပါ ထည့်သွင်းဖော်ပြရမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးထားသည့် အခွန်ကင်းရှင်းကြောင်းထောက်ခံချက်၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းလိုင်စင်(ရှိလျှင်)၊ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာမည်ဖြစ်ကြောင်း ကာယကံရှင်၏ဝန်ခံကတိပြုချက်တို့ပါဝင်ရမည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြပါ အချက်အလက်များ ပြည့်စုံသူများအနေဖြင့် ယခု နိုဝင်ဘာလ ၁၈ ရက်မှစတင် လျှောက်ထားရမည်ဖြစ်ပြီး လိုင်စင်လျှောက်ထားခြင်းကာလမှာ စတင်လျှောက်သည့်နေ့မှ ၃ လအတွင်း ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**Source : Popular News Journal**

## မကွေးဈေးကွက်၏ ပဲမျိုးစုံဈေးနှုန်းအခြေအနေ



မကွေးတိုင်းဒေသကြီး၊ မကွေးဈေးကွက်သို့ မြို့နယ် အတွင်းရှိ မိကျောင်းရဲ၊ လျောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်၊ သစ်ရာကောက်စသည့်ကျေးရွာများနှင့် စလင်း၊ဆင်ဖြူကျွန်း၊ မင်းဘူး၊ မြို့သစ်၊နတ်မောက်မြို့တို့မှထွက်ရှိသော ပဲတီစိမ်း၊ ပဲနောက်၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ မတ်ပဲနှင့် အခြားပဲမျိုးစုံများဝင်ရောက်ရောင်းဝယ်ဖောက်ကားလျက်ရှိပါသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(ပထမပတ်)တွင် ကုလားပဲ (929) ၁ တင်း လျှင် ကျပ် ၉၈,၅၀၀၊ ကုလားပဲဟော်လန် ၁ တင်း လျှင် ကျပ် ၉၇,၅၀၀၊ ပဲလွန်းဝါ(ကျွန်း) ၁ တင်းလျှင် ကျပ် ၆၀,၀၀၀၊ ပဲကြီးဖြူ ၁ တင်းလျှင် ကျပ် ၈၅,၀၀၀၊ ပဲတီစိမ်း ၁တင်းလျှင် ကျပ် ၈၁,၀၀၀၊ ပဲနောက် ၁ တင်းလျှင် ကျပ် ၈၀,၀၀၀၊ မြေပဲလုံးဆန်(နီ) ၁ ပိဿာလျှင် ကျပ် ၇၇၀၀၊ မြေပဲလုံးဆန်(ဖြူ) ၁ပိဿာလျှင် ကျပ် ၇၈၀၀၊ မြေပဲ(အောက်ကျဆီဆန်) ၁ ပိဿာလျှင် ကျပ် ၆၀၀၀ တို့ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အောက်တိုဘာလ (စတုတ္ထပတ်) နှင့် နှိုင်းယှဉ်ပါက ယခုအပတ်တွင် ကုလားပဲ(929) ကျပ် ၁၀၀၀၊ ကုလားပဲဟော်လန် ကျပ် ၁၀၀၀၊ ပဲနောက် ကျပ် ၈၀၀၀၊ ပဲတီစိမ်း ကျပ် ၄၀၀၀ ဈေးနှုန်းမြင့်တက်ခဲ့ပြီး ပဲလွန်းဝါ(ကျွန်း) ကျပ်၅၀၀၀၊ မြေပဲလုံးဆန်(နီ) ကျပ်(၁၀၀)၊ မြေပဲလုံးဆန် (ဖြူ) ကျပ်(၂၀၀)၊ မြေပဲအောက်ကျဆီဆန်ကျပ်၅၀၀ဈေးနှုန်းလျော့နည်းခဲ့ကြောင်း၊တင်ပို့မှုအနေဖြင့် တစ်ပတ်အတွင်း ရန်ကုန်မြို့သို့ ကုလားပဲအိတ် ၁၀၀၀၊ ပဲတီစိမ်းအိတ် ၁၀၀၀၊ မြေပဲအိတ်၅၀၀၊ မန္တလေးမြို့သို့ မြေပဲအိတ်၅၀၀၊ စုစုပေါင်းအိတ်ရေ ၃၀၀၀ တင်ပို့ခဲ့ပြီး တန်ချိန် ၁၂၃၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

**Source : DOCA(မကွေး)**

https://www.doca.gov.mm/

## မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလ ဒုတိယပတ်မှစ၍ သကြားအရောင်းအဝယ်ကောင်းမွန်လာ



မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလ ဒုတိယပတ်မှစ၍သကြားအရောင်းအဝယ်ကောင်းမွန်လာကြောင်းမြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း(မန္တလေး) မှတာဝန်ရှိသူတစ်ဦးထံက သိရသည်။

မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလ ပထမပတ်က သကြားများ ပုံမှန်အနေအထားအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး နိုဝင်ဘာလဒုတိယပတ်မှစ၍ သကြားအရောင်းအဝယ်ကောင်းမွန်လာကြောင်းသိရသည်။

" မန္တလေးဈေးကွက်ထဲမှာအရင်က သကြားကုန်စည်လက်ကျန်ပြတ်တာမျိုးတွေတော့မရှိပါဘူး။အခုလတ်တလော မန္တလေးဈေးကွက်ထဲမှာ ကုန်သည်တွေအဝယ်များလာလို့ သကြားကျန်နည်းလာပါတယ်။ သကြားအရောင်းအဝယ်ကလဲ ကောင်းလာပါတယ် "ဟု မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယခုလက်ရှိ ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားလာခြင်းကြောင့် သကြားအရောင်းအဝယ်ကောင်းမွန်ခဲ့ပြီး သကြားတစ်ပိဿာလျှင် ငွေကျပ် ၅၁၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြည်တွင်းက ထွက်ရှိတဲ့သကြားကို အများဆုံးဝယ်ယူတဲ့ ပြည်ပနိုင်ငံတွေကတော့ဗီယက်နမ်နိုင်ငံနဲ့ထိုင်းနိုင်ငံတို့ကမှာယူမှုအများဆုံးဖြစ်ပါတယ်။ပြည်ပကသကြားမှာယူမှုတွေပြန်ပြီးများလာတာကြောင့် ပြည်တွင်းဈေးကွက်မှာလဲ သကြားက အရောင်းအဝယ်တော်တော်လေး ကောင်းလာပါတယ်" ဟု ၎င်းက ပြောပြသည်။

ပြည်တွင်း၌ သကြားထွက်ရှိမှု အများဆုံးတိုင်းဒေသကြီးများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီးတို့က အရည်အသွေးကောင်းသည့် သကြားများ အများဆုံးထွက်ရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းကွမ်းသီးအနုပိဿာချိန် ၈၀,၀၀၀ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးများအပါအဝင် လယ်ယာထွက်ကုန်များနှင့် ခြံထွက်သီးနှံများကို တင်ပို့ရောင်းချလျက်ရှိပြီး စက်တင်ဘာလအတွင်းက ကွမ်းသီးအနုပိဿာချိန် ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက် မှ ၃၁ ရက်ထိ တစ်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများကို ရန်ကုန်ဈေးကွက်အဝယ်လိုက်နေခြင်းသည် ပြည်ပဈေးကွက်က ကွမ်းသီးအနုများ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

" ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို ပို့ကုန်အများအပြား တင်ပို့နေရခြင်းဖြစ်ပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့ လိုအပ်ပါတယ်။ သန့်ရှင်းဖို့လဲလိုပါတယ်။ လက်ရှိကွမ်းသီးအနုပိဿာချိန် ၁၀ ကို ငွေကျပ် ၉၅,၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ ကွမ်းသီးအနုရဲ့ ပြည်ပအဓိကဈေးကွက်က တရုတ်နိုင်ငံဈေးကွက်ပါ။ လက်ရှိကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်သူတွေလုပ်ငန်းအဆင်ပြေစွာလုပ်ကိုင်နေရပါတယ်"ဟု ဓနုဖြူမြို့နယ်ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဓနုဖြူမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူကာ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ပေါင်မြို့နယ် မိုးစပါးဈေးကွက်အခြေအနေ



ပေါင်မြို့နယ်တွင် စပါးစိုက်ခင်းများ၌ မိုးစပါးများ ရိတ်သိမ်းနေပြီဖြစ်ရာ စပါးကုန်သည်များက ကိုယ်စားလှယ်များစေလွှတ်၍ အောက်ဘက်ကွင်းများအထိ လိုက်လံဝယ်ယူလျက်ရှိကြောင်း သိရသည်။

မိုးစပါးထွက်ပေါ်စချိန်တွင် ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ၂၂ သိန်း ကျပ်မှ ၂၃ သိန်း ကျပ်ထိလည်း

ကောင်း၊ ဗန်ကောက်နှင့် ဂျပန်ရွှေဝါထွန်းစပါး တင်း ၁၀၀ လျှင် ၁၆သိန်းကျပ်မှ ၁၈သိန်းကျပ် အထိ စပါးအရည်အသွေးပေါ်မူတည်၍ ဈေးပေးဝယ်ယူနေကြရကြောင်း စပါးကုန်သည် များထံက သိရသည်။

ယခုနှစ် မိုးရာသီအတွင်း ရာသီဥတုဒဏ်ကြောင့် စပါးများမှာ ရည်မှန်းထားသလောက် မထွက်ကြဘဲ အရည်အသွေးညံ့ဖျင်းကြ၍ ကိုယ်စားလှယ်ဝယ်ယူသူများက သေချာစွာစိစစ်၍ ဈေးပေးဝယ်ယူနေရကြောင်းသိရပါသည်။

Source : DOCA(မွန်)

https://www.doca.gov.mm/

## တရုတ်သို့ ဆန်/ဆန်ကွဲ တင်ပို့ရန် GACC တွင် မှတ်ပုံတင်နိုင်ရေး နှစ်နိုင်ငံ စိစစ်ဆောင်ရွက်နေ

မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်အရ မှတ်ပုံတင်နိုင်ရေး နှစ်နိုင်ငံ စိစစ်ဆောင်ရွက်နေကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာ့ဆန်တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တို့ကြား လက်မှတ်ရေးထိုးခဲ့သည့် မြန်မာနိုင်ငံမှ ဆန်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်အရ တင်ပို့ရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ထို့ပြင် တင်ပို့လိုသော ကုမ္ပဏီများ၏ အချက်အလက်များ၊ ယင်းတို့၏ ဆန်စက်နှင့် သိုလှောင်ရုံများကို မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအား နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့မှ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံ တင်ပြ၍ GACC တွင် မှတ်ပုံတင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


၂၀၂၄ ခုနှစ်အတွက် တရုတ်နိုင်ငံသို့ဆန်၊ဆန်ကွဲတင်ပို့လိုသောကုမ္ပဏီအသစ်များကို စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest– EOI) တင်ပြရန် ဇူလိုင်လ ပထမပတ်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းတွင် လျှောက်ထားလာသည့် ကုမ္ပဏီများ၏ဆန်စက်နှင့်သိုလှောင်ရုံများကို စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်(MITS) တာဝန်ရှိသူများက စစ်ဆေးခြင်း၊ ဆောင်ရွက်ထားရမည့်အချက်များနှင့် ပတ်သက်သည့် သင်တန်းပေးခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲတင်ပို့ရန် ၂၀၂၁ ခုနှစ်တွင် GACC မှ မှတ်ပုံတင်ရရှိခဲ့သည့် ကုမ္ပဏီ ၄၃ ခု၊ ၂၀၂၂ ခုနှစ်တွင် ကုမ္ပဏီ ၁၈ ခု၊ ၂၀၂၃ ခုနှစ်တွင် ကုမ္ပဏီ ၅၀ ခုရှိခဲ့သဖြင့် စုစုပေါင်းကုမ္ပဏီ ၁၁၁ ခုကို မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ဆန်၊ ဆန်ကွဲများ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source : Popular News Journal**

## ရန်ကုန်၌ ကြက်သားတစ်ပိဿာ ကျပ် ၂၀,၀၀၀ ကျော်အထိမြင့်တက်



ရန်ကုန်တိုင်းအတွင်းရှိ ဈေးတချို့တွင် ကြက်သားကို မိမိကြိုက်ဈေးဖြင့် ရောင်းချနေပြီး ကြက်သားဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ဈေးဝယ်သူနှင့်ရောင်းချသူများထံက သိရသည်။

အသားတိုးကြက်တစ်ပိဿာလျှင် ၂၀,၀၀၀ ကျပ်မှ ၂၅,၀၀၀ ကျပ်ကြားရောင်းချနေပြီး ကြက်နီမ တစ်ပိဿာ ၁၅,၀၀၀ ကျပ်မှ ၁၈,၀၀၀ ကျပ်ကြားရောင်းချကြောင်း၊ မြို့နယ်၊ ရပ်ကွက်အလိုက် ဈေးနှုန်းကွာခြားမှုရှိကြောင်း ဈေးဝယ်သူများထံက သိရသည်။

"ပုဇွန်တောင်ဈေးမှာ ကြက်သားဝယ်တာ ၁၀ သား ၂၅၀၀ ကျပ်တဲ့၊ ဝက်ဈေးနဲ့အတူတူ ဖြစ်နေပြီ၊ ဈေးက အတက်ကြီးပဲဖြစ်နေတာ၊ ၅၀၀၀ ဖိုး ဘာမှမရတော့ဖူး"ဟု ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သည့် အိမ်ရှင်မတစ်ဦးကပြောသည်။

နိုဝင်ဘာ ၁၂ ရက်တွင် အသားတိုးကြက်တစ်ပိဿာ ၁၃,၂၀၀ ကျပ်မှ ၁၃,၇၀၀ ကျပ်၊ စီပီကြက်တစ်ပိဿာ ၁၆,၅၀၀ ကျပ်၊ ကြက်နီမဒိုင်ဈေး ၁၁,၈၀၀ ကျပ်၊ ဗမာကြက်တစ်ပိဿာ ၂၃,၀၀၀ ကျပ်ဖြစ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်ဘဲဈေး ထံက သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၁၆ ရက်တွင် အသားတိုးကြက်ဒိုင်ဈေး တစ်ပိဿာ ၁၂,၇၀၀ ကျပ်မှ ၁၃,၉၀၀ ကျပ်၊ စီပီကြက် တစ်ပိဿာ ၁၇,၀၀၀ ကျပ်၊ ကြက်နီမဒိုင်ဈေး ၁၀,၅၀၀ ကျပ်၊ ဗမာကြက် ၂၀,၀၀၀ ကျပ်မှ ၂၁,၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။

" ကြက်အဝင်နည်းရင် နည်းသလို ဈေးတက်သွားကြတာပဲ။ ဒိုင်မှာ ကြက်အရှင်ဈေးက တစ်ပိဿာ ၁၄,၀၀၀ ကျော်တယ်။ ၂၅,၀၀၀ ကတော့ မဖြစ်သင့်ဘူးပေါ့။ ဈေးသည်တွေကတော့ သူတို့ပါးစပ်ထဲ ရောက်သွားရင် သူတို့ရောင်းချင်တဲ့ဈေးနဲ့ ရောင်းကြတော့တာပေါ့ " ဟု မင်္ဂလာတောင်ညွန့်ကြက်ဘဲဈေးမှ ကြက်ဒိုင်တစ်ဦးက ပြောသည်။

ကြက်သားဈေးနှုန်းများ မြင့်တက်လာခြင်းမှာ ကြက်မွေးမြူသူနည်းပါးလာခြင်း၊ ကြက်အစာအပါအဝင် အထွေထွေကုန်ကျစရိတ်မြင့်မားခြင်း၊ သယ်ယူပို့ဆောင်စရိတ် မြင့်တက်လာခြင်းများကြောင့်ဖြစ်ကြောင်း ကြက်သားရောင်းချသူများက သုံးသပ်ပြောသည်။

**Source : The Standard Time Daily**

## ရုရှားဓာတ်မြေသြဇာ အိန္ဒိယသို့ တင်ပို့မှုဝေစု ၂၈ ရာခိုင်နှုန်းထိ တိုးတက်

အိန္ဒိယသို့တင်ပို့ခဲ့ပြီး ယင်းဈေးကွက်တွင် ရုရှား၏ဝေစုသည် ၂၈ ရာခိုင်နှုန်းအထိတိုးမြင့်လာခဲ့ကြောင်း ရုရှားဓာတ်မြေသြဇာ ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ Mr. Andrey Guryev က ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရုရှား-အိန္ဒိယ အစိုးရအချင်းချင်းကော်မရှင်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် အိန္ဒိယမှ ရုရှားဓာတ်မြေသြဇာ တန်ချိန် ၅ ဒသမ ၄ သန်းကျော်ကို တင်သွင်းခဲ့ပြီး အိန္ဒိယဓာတ်မြေသြဇာ တင်သွင်းမှုတွင် ရုရှား၏ ဝေစုသည် ၂၅ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

အိန္ဒိယဈေးကွက်သည် ရုရှားအတွက် စိတ်ဝင်စားစရာကောင်းသည့် ဈေးကွက်ဖြစ်ပြီး ဆက်လက်၍ တင်ပို့မှုတိုးမြှင့်လာရန် အလားအလာများ ရှိနေကြောင်း Mr. Andrey Guryev က ပြောကြားခဲ့သည်။

ရုရှားဓာတ်မြေသြဇာသည် အိန္ဒိယအတွက် အဓိကအရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ ယင်းအပြင် ရေနံစိမ်း၊ ကျောက်မီးသွေးနှင့် ယူရေနီယမ်အရင်းအမြစ်များသည်လည်းအလွန်အရေးပါကြောင်း၊တစ်ဖက်တွင်လည်း အိန္ဒိယ၏ ဆေးဝါးလုပ်ငန်းသည် ရုရှားအတွက် ယုံကြည်စိတ်ချရသော အရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ ယင်းကြောင့် ရုရှားနှင့် အိန္ဒိယနှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံသို့ရည်မှန်းထားသည့်၂၀၃၀ခုနှစ်မတိုင်မီတွင်စော၍ရောက်ရှိမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး Dr. Subrahmanyam Jaishankar က အဆိုပါကော်မရှင်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ကန်ဒေါ်လာ ၆၅ ဘီလီယံခန့်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် မော်စကိုမြို့၌ ရုရှား-အိန္ဒိယ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီးနောက် ၂၀၃၀ခုနှစ်တွင် နှစ်နိုင်ငံကြားကုန်သွယ်မှုပမာဏဒေါ်လာ ၁၀၀ ဘီလီယံ ရရှိရန် ရည်မှန်းချက်ချမှတ်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ဓာတ်မြေသြဇာထုတ်လုပ်မှုသည် မက်ထရစ်တန်ချိန် ၆၄သန်းခန့်အထိ ၉ ရာခိုင်နှုန်းမြင့်တက်လာရန် မျှော်မှန်းထားပြီး ပြည်ပသို့ တင်ပို့မှုလည်း တိုးတက်လာမည် ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ရုရှားဓာတ်မြေသြဇာ အဓိကတင်သွင်းသော နိုင်ငံများမှာ ဘရာဇီး၊ အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ မက္ကဆီကို၊ အင်ဒိုနီးရှား၊ တူကီယဲ၊ ပြင်သစ်၊ ဂျာမနီ၊ မလေးရှားစသည့်နိုင်ငံများကြောင်း သိရသည်။

**Source : https://www.interfax.ru/business/991300**

**(စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## အမေရိကန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂ ဒသမ ၆ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး ဗဟိုဘဏ်အနေ ဖြင့် အတိုးနှုန်းလျှော့ချရန် အလားအလာရှိ

အမေရိကန်အလုပ်သမားဝန်ကြီးဌာန၏ ၁၃-၁၁-၂၀၂၄ ရက်အစီရင်ခံစာအရ အောက်တိုဘာလ၏ စားသုံးသူဈေးဆနှုန်းသည် ၂ ဒသမ ၆ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း၊ စားသောက်ကုန်ဈေးနှုန်းနှင့် စွမ်းအင်ဈေးနှုန်းတို့ကို ထည့်သွင်းတွက်ချက်မထားသည့် Core Inflation မှာ လွန်ခဲ့သောနှစ်ကထက်မြင့်တက်ခဲ့ပြီး ၃ ဒသမ ၃ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ စတော့ရှယ်ယာဈေးကွက်တွင် Dow Jones Industrial Average အညွှန်းကိန်းသည် အနည်းငယ်မြင့်တက်ခဲ့သော်လည်း S&P 500 နှင့် Nasdaq Composite အညွှန်းကိန်းများမှာ အနည်းငယ်ကျဆင်းခဲ့ကြောင်း၊အစိုးရငွေတိုက်စာချုပ်အတိုးနှုန်းရငွေသည် ယခုရက်သတ္တပတ် အင်္ဂါနေ့တွင် မြင့်တက်ခဲ့သော် လည်း ဗုဒ္ဓဟူးနေ့တွင် ကျဆင်းခဲ့ကြောင်း သိရသည်။

အမေရိကန်အလုပ်သမားဝန်ကြီးဌာန၏အစီရင်ခံစာသည် သမ္မတရွေးကောက်ပွဲပြီးနောက်ပိုင်း ပထမဆုံးထုတ်ပြန်သည့်အစီရင်ခံစာတစ်ခုဖြစ်ကြောင်း၊ သမ္မတဂျိုးဘိုင်ဒင်အစိုးရစတင်တာဝန်ယူသည့်အချိန်မှစ၍ ယနေ့အချိန်အထိ အမေရိကန်နိုင်ငံ၏ စားသုံးသူဈေးဆနှုန်းသည် ၂၀ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့ကြောင်း၊ အမေရိကန်မဲဆန္ဒရှင်များက စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုမြင့်တက်ခြင်းကြောင့် လက်ရှိအစိုးရခေါင်းဆောင်ကို အပြစ်ဖို့ခဲ့ကြကြောင်း၊ လက်ရှိတွင် အမေရိကန်၏ ငွေကြေးဖောင်းပွမှုသည် တဖြည်းဖြည်းကျဆင်းသည့်အခြေအနေသို့ဦးတည်လျက်ရှိရာ ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်အနေဖြင့် စီးပွားရေးအခြေအနေအသင့်အတင့်ကောင်းမွန်လာသည့်အချိန်တွင်သမ္မတတာဝန်ယူရနိုင်ကြောင်း၊ထို့ပြင် အမေရိကန်ဗဟိုဘဏ်ကလည်း စီးပွားရေးအခြေအနေကောင်းမွန်လာစေရန်အတွက် အတိုးနှုန်းများလျှော့ချရန် ရည်ရွယ်လျက်ရှိပါကြောင်း သိရသည်။

စားသုံးသူဈေးဆနှုန်းမြင့်တက်ခြင်းသည် ယခင်နှစ်အချက်အလက်များနှင့် နှိုင်းယှဉ်ရန် အခက်အခဲရှိသဖြင့် မြင့်တက်ခြင်းဖြစ်နိုင်သော်လည်း ယခင်လတွင် သိသာစွာဈေးနှုန်းမြင့်တက်ခဲ့သည့် ကုန်ပစ္စည်းများရှိကြောင်း၊ မော်တော်ယာဉ်နှင့် ကုန်တင်မော်တော်ယာဉ်တို့၏ဈေးနှုန်းသည် ယခင်လကထက် ၂ ဒသမ ၇ ရာခိုင်နှုန်း၊ လေယာဉ်ခနှုန်းထားသည် ၃ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း၊ စွမ်းအင်ဈေးနှုန်းများ ပြောင်းလဲမှုမရှိသော်လည်း လောင်စာဆီဈေးနှုန်းသည် အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ ယင်းသို့ကျဆင်းခဲ့ခြင်းမှာ လျှပ်စစ်ဓာတ်အားခနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများမြင့်တက်ခဲ့၍ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်လုပ်ငန်းရှင်အများစုက ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းလျှော့ချရန်မျှော်မှန်းထားကြပြီး ယခုအစီရင်ခံစာထုတ်ပြန်ပြီး နောက်ပိုင်းတွင် ဗဟိုဘဏ်၏ အတိုးနှုန်းလျှော့ချနိုင်သည့် ရာခိုင်နှုန်းမှာ ၈၀ အထိမြင့်တက်ခဲ့ကြောင်း၊ ငွေကြေးဖောင်းပွမှုသည် တဖြည်းဖြည်းကျဆင်းသည့် အခြေအနေသို့ ဦးတည်နေသော်လည်း ၂၀၂၃ ခုနှစ်တွင် စားသုံးသူဈေးဆနှုန်းသည် ယခင်နှစ်ကထက် ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဈေးနှုန်းများသည် ယခင်နှစ်ကထက် ၉ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏လက်ရှိအတိုးနှုန်းကိုလျှော့ချရန်လိုအပ်ပြီးအကယ်၍လျှော့ချခြင်းမပြုလျှင်အလုပ်သမားဈေးကွက်နှေးကွေးကာစီးပွားရေးကျဆင်းမှုသို့ ဦးတည်နိုင်သည့် အန္တရာယ်ရှိနိုင်သည်ဟု ဗဟိုဘဏ်အရာရှိများကယူဆကြကြောင်း၊ အမေရိကန်အလုပ်သမားဝန်ကြီးဌာနသည် ဒီဇင်ဘာလစားသုံးသူဈေးဆနှုန်းနှင့်ပတ်သက်သည့်အစီရင်ခံစာကို ဗဟိုဘဏ်အစည်းအဝေးမကျင်းပမီ ရက်သတ္တပတ်အလိုတွင် ထုတ်ပြန်မည်ဖြစ်ရာ ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းလျှော့ချမှု အလားအလာကို ခေတ္တဆိုင်းငံ့ထားနိုင်ကြောင်း၊ထို့ပြင် ဒီဇင်ဘာလအစောပိုင်းတွင်ထုတ်ပြန်မည့် အလုပ်သမားအစီရင်ခံစာအရ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုမြင့်တက်ခဲ့လျှင် စားသုံးသူဈေးဆနှုန်းမြင့်တက်ခြင်းသည် ဟာရီကိန်းမုန်တိုင်းများနှင့် အလုပ်သမားများ ဆန္ဒပြမှုကြောင့်ဖြစ်ပေါ်လာသည့် သက်ရောက်မှုများအဖြစ်ယူဆလျက် အတိုးနှုန်းလျှော့ချရန် ဆိုင်းငံ့နိုင်ကြောင်း၊ သို့ဖြစ်ရာ ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းကို ဒီဇင်ဘာလတွင် လျှော့ချနိုင်သော်လည်း နောက်သို့ရွှေ့ဆိုင်းခြေလည်းရှိကြောင်း သိရသည်။

Source : Wall Street Journal

**စီးပွားရေးသံမှူး၊ ဝါရှင်တန်DC**

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ဂျပန်နိုင်ငံကို ကျော်လွန်နိုင်ဖွယ်ရှိ

ဂျပန်နိုင်ငံတွင် စီးပွားရေးတုံ့ဆိုင်းနေခြင်းနှင့် ယန်းငွေတန်ဖိုး ကျဆင်းနေခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ဂျပန်နိုင်ငံကိုကျော်လွန်ကာ ကမ္ဘာ့စီးပွားရေးအဆင့် ၄ နေရာသို့ ရောက်ရှိပြီး၊ ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘာ့စီးပွားရေးအဆင့် ၅ နေရာသို့ အဆင့်လျော့ကျသွားနိုင်ဖွယ်ရှိကြောင်း ၁၂-၁၁-၂၀၂၄ ရက်နေ့ထုတ် The Japan Times သတင်းစာတွင် “India set to overtake Japan in GDP rankings” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါ သတင်းတွင် အိန္ဒိယနိုင်ငံ၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) မှာ ဂျပန်နိုင်ငံကို ၂၀၂၅ ခုနှစ်တွင် ကျော်လွန်နိုင်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းထားကြောင်း၊ S&G Global Ratings အနေဖြင့် ဂျပန်နိုင်ငံ၏ ကမ္ဘာ့စီးပွားရေးအဆင့် ၄ နေရာကို ၂၀၃၀ ပြည့်နှစ်တွင်အိန္ဒိယနိုင်ငံကရယူသွားနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ်အထိ ဂျပန်နိုင်ငံမှာ ကမ္ဘာ့စီးပွားရေး အဆင့် ၂ နေရာတွင် ရှိခဲ့ပြီး၊ ၂၀၁၀ နောက်ပိုင်းတွင် တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံ၏ နေရာကိုရယူခဲ့ကြောင်း၊ ထို့နောက် ဂျာမနီနိုင်ငံမှ ဂျပန်နိုင်ငံကို ထပ်မံကျော်လွန်ခဲ့ကြောင်း၊ လက်ရှိတွင် အိန္ဒိယနိုင်ငံတွင် လူဦးရေတိုးပွားလာမှုကြောင့် ဂျပန်နိုင်ငံကိုထပ်မံကျော်လွန်နိုင်ဖွယ်ရှိကြောင်း၊ ကမ္ဘာ့ဘဏ်၏ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၅ ထရီလီယံရှိခဲ့ပြီး၊ ဂျပန် နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၂ ထရီလီယံ ရှိခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အနေဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ၇ ရာခိုင်နှုန်း နှင့် ၂၀၂၅ ခုနှစ်တွင် ၆ ဒသမ ၅ ရာခိုင်နှုန်း ရှိနိုင်ကြောင်း ခန့်မှန်းထားကြောင်း၊ ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၂၄ ခုနှစ် တွင် ၀ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၁ ဒသမ ၁ ရာခိုင်နှုန်း ရှိနိုင်ကြောင်း ခန့်မှန်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် စီးပွားရေးအကြပ်အတည်းများနှင့် ငွေကြေးတန်ဖိုး ကျဆင်းမှု များကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရကြောင်း၊ အိန္ဒိယနိုင်ငံ၏ စီးပွားရေးမှာ ၂၀၀၀ ပြည့်နှစ်မှ စတင်၍တည်ငြိမ်စွာတိုးတက်လာခဲ့ကြောင်း၊ ထိုသို့ စဉ်ဆက်မပြတ်ဆက်လက် တိုးတက်နေမည်ဆိုပါက အိန္ဒိယနိုင်ငံ၏ GDP မှာ ဂျပန်နိုင်ငံကို လာမည့်နှစ် အနည်းငယ်အတွင်း ကျော်လွန်နိုင်ဖွယ်ရှိကြောင်း၊ ထို့ပြင် ဂျာမနီကိုပါ ထပ်မံကျော်လွန်၍ အမေရိကန် နှင့်တရုတ်နိုင်ငံတို့ ပြီးပါက ကမ္ဘာ့စီးပွားရေးအဆင့် ၃ နေရာသို့ ရယူသွားနိုင်မည် ဖြစ်ကြောင်း ဖော်ပြထားသည်။

ဝယ်ယူနိုင်စွမ်းအား ကွာခြားမှုနှုန်း (Purchasing Power Parity) ဖြင့်ကြည့်မည်ဆိုပါက လက်ရှိတွင် အိန္ဒိယနိုင်ငံမှာ ကမ္ဘာ့အဆင့် ၃ နေရာတွင်ရှိပြီး၊ ဂျပန်နိုင်ငံမှာ ကမ္ဘာ့အဆင့် ၅ နေရာတွင် ရှိကြောင်း၊ ဂျပန်အစိုးရသည် လက်ရှိတွင် လွှတ်တော်အမတ်နေရာ အများစုကိုရရှိထားခြင်းမရှိသည့် Minority Government သာ ဖြစ်ပြီး၊ ဂျပန်ဗဟိုဘဏ်အနေဖြင့်လည်း တင်းကြပ်သည့်ငွေကြေးမူဝါဒကိုပြောင်းလဲကျင့်သုံးနိုင်သည့်အတွက် နိုင်ငံရေးတွင် ဆုံးဖြတ်ချက်မပြတ်သားမှုများဖြစ်ပေါ်လာနိုင်ပြီး၊ အတိုးနှုန်းလည်းမြင့်မားလာနိုင်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ တစ်ဦးကျ GDP မှာ အမေရိကန်ဒေါ်လာ ၂,၅၀၀ ဖြစ်ပြီး၊ ဂျပန်နိုင်ငံ၏ တစ်ဦးကျ GDP မှာ အမေရိကန်ဒေါ်လာ ၃၄,၀၀၀ ရှိကြောင်း၊ အိန္ဒိယနိုင်ငံတွင် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ ဖြစ်ပေါ်လာမည်ဆိုပါက နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ငွေကြေးတန်ဖိုးနှင့် ဖွံ့ဖြိုးတိုးတက်မှု အချိန်ကာလများအပေါ်တွင်ပါ သိသာစွာ သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင် မည် ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source : စီးပွားရေးသံမှူး၊ တိုကျိုမြို့၊ ဂျပန်နိုင်ငံ။**

https://myantrade.gov.mm/

## ဗီယက်နမ်ငရုတ်ကောင်း တင်ပို့မှုပမာဏတွင် ကျဆင်းခဲ့သော်လည်း တန်ဖိုးအားဖြင့်မြင့်တက်

၂၀၂၄ ခုနှစ်၏ ပထမဆယ်လတာကာလတွင် ဗီယက်နမ်၏ ငရုတ် ကောင်းတင်ပို့မှုသည် ပမာဏတွင် ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ သော် လည်း ဈေးနှုန်းမြင့်တက်မှု၏ ကျေးဇူးကြောင့် တန်ဖိုးအားဖြင့် ၄၈ ရာခိုင်နှုန်း သိသာစွာမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံငရုတ်ကောင်းနှင့် ဟင်းခတ် အမွှေးအကြိုင်အသင်း(VPSA)၏ပြောကြားချက်အရ သိရသည်။



ထိုကာလတွင် ဗီယက်နမ်နိုင်ငံသည် ငရုတ်ကောင်းတန်ချိန် ၂၁၉၃၈၇ တန် တင်ပို့ရာက ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

အနက်ရောင်ငရုတ်ကောင်းတစ်တန်၏ ပျမ်းမျှတင်ပို့ဈေးနှုန်းမှာ တစ်တန်ကို ၄၉၇၁ အမေရိကန်ဒေါ်လာရှိပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၁၅၂၈ အမေရိကန်ဒေါ်လာ မြင့်တက်ခဲ့ကာ အဖြူရောင်ငရုတ်ကောင်းတစ်တန်မှာ အမေရိကန် ဒေါ်လာ ၆၆၂၆ ဒေါ်လာရှိကာ လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ၁၆၇၁ အမေရိကန်ဒေါ်လာ မြင့်တက်ခဲ့ကြောင်းသိရသည်။

အောက်တိုဘာလ တစ်လတည်းတွင် ဗီယက်နမ်သည် ငရုတ်ကောင်း တန်ချိန် ၁၈၄၉၃ တန်တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန် ဒေါ်လာ သန်း ၁၂၀ ရရှိခဲ့ကြောင်းသိရသည်။

ထိုကာလအတွင်း အမေရိကန်သည် တန်ချိန် ၆၂၅၃ တန်ဖြင့် ဗီယက်နမ်၏ အကြီးမားဆုံး ငရုတ်ကောင်းတင်ပို့ရာဈေးကွက်ဖြစ်ပြီး လွန်ခဲ့သည့်နှစ်တူညီသည့်ကာလထက် ၄၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စုစုပေါင်းတင်ပို့မှုပမာဏ၏ ၂၈ ဒသမ ၅ ရာခိုင်နှုန်း ရှိကြောင်းသိရသည်။

အခြားအဓိကတင်ပို့ရာဈေးကွက်များတွင် ယူအေအီး၊ ဂျာမနီ၊ အိန္ဒိယနှင့် နယ်သာလန်နိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

ပြည်တွင်းထုတ်လုပ်မှုအပြင် ဗီယက်နမ်သည် ငရုတ်ကောင်းကို ပြုပြင်ထုတ်လုပ် တင်ပို့ရန်အတွက် အခြားနိုင်ငံများထံမှ တင်သွင်းကြောင်းသိရသည်။

အောက်တိုဘာလတစ်လတည်းတွင် ဗီယက်နမ်သည်အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၃သန်း တန်ဖိုးရှိသော ငရုတ်ကောင်း တန်ချိန် ၄၈၁၈ တန်ကို အဓိကအားဖြင့် အင်ဒိုနီးရှားနှင့်ဘရာဇီးထံမှတင်သွင်းပြီး စက်တင်ဘာလကထက် ၉၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

ဆယ်လတာအတွက်ဆိုပါက အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၃ သန်း တန်ဖိုးရှိသော ငရုတ်ကောင်းတန်ချိန် ၂၈၅၉၆ တန်ကို တင်သွင်းခဲ့ကြောင်းသိရသည်။

ထို့ပြင် ဗီယက်နမ်သည် ထိုဆယ်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၂၀ ဒသမ ၅ သန်းတန်ဖိုးရှိသော သစ်ကြံပိုးခေါက် တန်ချိန် ၇၉,၅၁၆ တန်ကို ပြည်ပသို့တင်ပို့ခဲ့ပြီး လွန်ခဲ့သည့်နှစ် တူညီသည့်ကာလထက် ပမာဏတွင် ၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရသည်။

အိန္ဒိယ၊ အမေရိကန်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှာ ဗီယက်နမ်သစ်ကြံပိုးခေါက် အဓိကတင်ပို့ရာ ဈေးကွက်သုံးခု ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ဗီယက်နမ်သည်အမေရိကန်ဒေါ်လာ ၉ သန်း တန်ဖိုးရှိသည့် သစ်ကြံပိုးခေါက်တန်ချိန် ၃၇၁၃ တန်ကို ပြုပြင်ထုတ်လုပ်ရန်အတွက် တင်သွင်းခဲ့ကြောင်း သိရသည်။

**Source : Vietnamplus**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/26827

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 14th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,166 (Shares) | 12,846,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,600 | 8,600 | 8,600 | 767 | 6,596,200 | 33,109,694 | 284,743 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,350 | 3,350 | 3,300 | 342 | 1,143,600 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,850 | 133 | 246,100 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 35 | 99,750 | 12,823,224 | 36,546 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 1,070 | 1,820,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,400 | 4,500 | 4,400 | 216 | 950,700 | 10,497,598 | 47,239 |
| MAEX | 00008 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,300 | 603 | 1,989,900 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 14th Nov. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.88 | -2.89 | -0.72% | 399.82 | 399.88 | 399.04 | 3,166 | 12,846,750 | 8 | 754,241 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 14th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 3,166 (Shares) | 12,846,750 (MMK) |

### Main Board

As of 1:00 pm, 14th Nov. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,166 (Shares) | 12,846,750 (MMK) |

| MYANPIX | 399.88 ▼ 2.89 |
|---|---|
| Total Volume (shares) | 3,166 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 754,241 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▼ 50 |